# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကိုပြင်ဆင်သည့်ဥပဒေ

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၂ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေတွင်ပါရှိသော **"ရထားပို့ဆောင်ရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်နှင့် **"ပို့ဆောင်ရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်များကို **"ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"**ဆိုသည့်စကားရပ်ကို **"ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ဘဏ္ဍာရေးဝန်ကြီးဌာန"**ဆိုသည့်စကားရပ်ကို **"စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(က) တွင်-

(က) ပုဒ်မခွဲငယ် (၁၀)ကို ပယ်ဖျက်ရမည်။

( ခ ) မူလပုဒ်မခွဲငယ်(၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၄) တို့ကို ပုဒ်မ ခွဲငယ်(၁၀)၊ (၁၁)၊ (၁၂) နှင့် (၁၃) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ခ)ပါ **"ကော်မတီ"** ဆိုသည့် စကားရပ်ကို **"အမျိုးသားကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ(ဂ)ပါ **"လုပ်ငန်းကော်မတီ"** ဆိုသည့် စကားရပ်ကို **"နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ အခန်း(၁၀)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**" အခကြေးငွေနှင့်ဒဏ်ကြေးငွေများသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း "**

၇။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄၉ တွင် -

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များဖြင့် သတ်မှတ်ရမည်-"

( ခ ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေနှင့် ဒဏ်ကြေးငွေများ။"

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၀ ပါ **"အခကြေးငွေများ"**ဆိုသည့် စကားရပ်ကို **"အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၁ တွင်-

(က) ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

၁၀။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ ပုဒ်မ ၅၂တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

၁၁။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅၃။ ပုဒ်မ ၁၄ အရ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၁ ပုဒ်မခွဲ (က) သို့မဟုတ် (ခ)ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၄၊ ၅၅ နှင့် ၅၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုဖြစ်စေ မကျေနပ်သူသည် ထိုပြစ်ဒဏ် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံမှုတွင် ဦးစီးဌာနသည် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။"

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၈၊ ၅၉ နှင့် ၆၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၈။ ပုဒ်မ ၅၆ အရ အယူခံမှုတွင် ဦးစီးဌာနက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနကတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ကျော်လွန်၍ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သော အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇၊ ၅၈ သို့မဟုတ် ၅၉ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

---

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ